# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကျဉ်းချုပ်

Empowered lives.
Resilient nations.


### နောက်ခံအကြောင်းအရာ

ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုကို ၂၀၁၄ – ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ UNDP သည် ဤလေ့လာရေးလုပ်ငန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ပူးပေါင်းကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်သော ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။ နည်းစနစ်ပိုင်းခြုံငုံတင်ပြမှုကို "Fast Fact:၊ မြန်မာနိုင်ငံရှိ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှု" တွင် ကြည့်ပါ။

ပဲခူးတိုင်းဒေသကြီး လေ့လာမှုသည် တောင်ငူ၊ ပန်းတောင်း၊နှင့် ဇီးကုန်းမြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်းတို့နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုကို လွှမ်းခြုံမိပါ သည်။

ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူများနှင့် ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူ ၁၀၀ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူများအပါအဝင် အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့်အခြေခံပညာရေး၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေ) ရရှိမှုတို့နှင့် သတင်းပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ၎င်းတို့၏အတွေ့အကြုံများနှင့် အမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် အဓိကတွေ့ ရှိချက်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းပါဝင်ဆောင်ရွက်သူများ(stakeholders) က အကြံပြုထားသော ဆောက် ရွက်ရန်လုပ်ငန်းများ၏ ကနဦးစတင်ဆောင်ရွက် နိုင်ခြေရှိသည်များကိုပါ တင်ပြထားပါသည်။

| ခရိုင် | မြို့နယ် | လူဦးရေ | ကျေးရွာ | ဧရိယာအကျယ်ဝန်း | လူဦးရေသိပ်သည်းမှု |
|---|---|---|---|---|---|
| ၄ | ၂၈ | ၄.၉ သန်း | ၁၆၁၉ | ၃၉၄၀၄/စတုရန်းကီလိုမီတာ | ၁၂၃/စတုရန်းကီလိုမီတာ |




ရင်းမြစ်။ MIMU



ပံ့ပိုးပေးပါသည်။ From the People of Japan SWEDEN DANIDA UNDP Empowered lives. Resilient nations.


## သမိုင်းနောက်ခံနှင့် လူမှုစီးပွားရေးဆက်စပ်မှုအကြောင်းအရာ

ပဲခူးတိုင်းဒေသကြီးသည် လူဦးရေ ၄.၉ သန်း သို့မဟုတ် မြန်မာနိုင်ငံ လူဦးရေ၏ ၁၀% တို့ နေထိုင်ရာဒေသ ဖြစ်သည်။ သမိုင်းကြောင်းအရ ပဲခူးသည် မြန်မာနိုင်ငံ ရှေးဟောင်းမင်းနိုင်ငံများ အားလုံး၏အချက်အချာဖြစ်သည်။

ပဲခူး၏ လူဦးရေသည် ဗမာလူမျိုးအများစုဖြစ်သော်လည်း ထင်ရှားသောတိုင်းရင်းသားလူမျိုးစုများဖြစ်သည့် ကရင်၊ မွန်၊ ရှမ်းနှင့် ပအို့ဝ် လူမျိုးများလည်း ပါဝင်လျက်ရှိသည်။ ပဲခူးရှိ လူအများစုသည် ပဋိပက္ခများမှ ကင်းလွတ် သော်လည်း ထိုဒေသ၏ အရှေ့ပိုင်းသည် လက်နက်ကိုင်ပဋိပက္ခကြောင့် ယခုတိုင် တည်ငြိမ်မှုမရှိသေးပေ။

စီးပွားရေးအရပဲခူးသည် ယင်း၏ စိုက်ပျိုးရေးထုတ်ကုန်များနှင့် အခြားထုတ်ကုန်များအပြင် တောင်တန်းများရှိ ကျွန်းသစ်ထုတ်လုပ်ရေးနှင့် မြေနိမ့်လွင်ပြင်များရှိ စပါးထုတ်လုပ်ရေးတို့ကြောင့် ထင်ရှားကျော်ကြားသည်။ ထိုဒေသ၏ လူမှုရေးညွှန်းကိန်းများသည် မြန်မာနိုင်ငံ၏နိုင်ငံ အဆင့်ပျမ်းမျှအညွှန်းကိန်းများ နှင့် မတိမ်းမယိမ်း ရှိသည်ကို တွေ့ရသည်။

## ရပ်ရွာလူထုအဆင့်တွင် တွေ့ရှိရသော တိုးတက်မှုများ






## ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် ပြည်သူ့ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း

### ဖွံ့ဖြိုးရေးရန်ပုံငွေများ

ပဲခူးရှိမြို့နယ်အဆင့် ဖွံ့ဖြိုးရေးရန်ပုံငွေ ၂-ရပ်

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ(PRF)
တစ်မြို့နယ်လျှင် USD ၄၀,၀၀၀ (တောင်ငူ)
USD ၃၂,၅၀၀ (ပန်းတောင်း နှင့် ဇီးကုန်း)

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ
ဖွံ့ဖြိုးရေးရန်ပုံငွေ(CDF)
တစ်မြို့နယ်လျှင် USD ၁၀၀,၀၀၀

### PRF

PRF ခွင့်ပြုရေးအတွက် စဉ်းစားသည့် လုပ်ငန်းစဉ်သစ်ကို မြို့နယ်ကော်မတီများက ဦးဆောင်သည်။ အသေးစား စီမံကိန်းများ (USD ၂၀၀၀ - ၃၀၀၀) ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTAs) ၏ကြီးကြပ်မှုဖြင့် ထောက်ပံ့ အကောင်အထည်ဖော်သည်။ အတည်ပြုသော စီမံကိန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(TDSC) မြို့နယ် စည်ပင်သာယာရေးကော်မတီ(TMAC)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး(VTA) တို့၏ ပေါင်းစပ်ပါဝင်သော လစဉ်အစည်းအဝေးများတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဘဏ္ဍာရေးအရာရှိက ကျေးရွာအုပ်စု၊ ရပ်ကွက် အသီးသီးသို့ အကြောင်းကြားသည်။

## CDF

ပန်းတောင်း နှင့် တောင်ငူတို့တွင် ၂၀၁၃။၂၀၁၄ ခုနှစ်ကုန်တွင် “ဒေသဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ အကြံပေးအဖွဲ့ (RDFSB)” ကို သီးခြားလုပ်ပိုင်ခွင့်နှင့်အတူ ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဥက္ကဋ္ဌအဖြစ်နှင့် အခြားလွှတ်တော်ကိုယ်စားလှယ် ၃-ဦး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ ဆောက်လုပ်ရေးဌာန များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများက အဖွဲ့ဝင်များ အဖြစ် ပါဝင်သည်။ ထိုအဖွဲ့၏ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးရေးရန်ပုံငွေများ ၏ အခြားအရင်းအမြစ်များမှ အကျိုးကျေးဇူးခံစားရဖူးခြင်း မရှိသေးသည့် ကျေးရွာများကို ဦးစားပေးမှုသေချာစေရန်နှင့် စီမံကိန်းများ တစ်ထပ်တည်းဖြစ်မှုမှ ရှောင်ကြဉ်ရန် ဖြစ်သည်။

## TDSC

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ (TDSCs) သည် ပဲခူးဒေသရှိစီမံကိန်းများခွဲခြားသတ်မှတ်ရေးနှင့် တိုးတက်မှုကြီးကြပ်ရေးတွင် တက်ကြွသောကဏ္ဍမှ ဆောင်ရွက် လျက်ရှိကြသည်။ စီမံကိန်းများခွဲခြာသတ်မှတ်ရေးနှင့်နောင်တွင်ဖွံ့ဖြိုး မှု ကြီးကြပ်ရေးအတွက်ပဲခူးတိုင်းဒေသကြီးရှိ TDSCs များက ရန်ပုံငွေအမျိုးမျိုးအတွက် အဖွဲ့ဝင် ၂-ဦးစီပါဝင်သော ဆပ်ကော်မတီ များကို ဖွဲ့စည်းထားသည်။

## TMAC

ပဲခူးတိုင်းအသစ်ဖြစ်သော မြို့နယ်စည်ပင်သာယာရေးကော်မတီ (TMAC)သည် ကြီးကြပ်မှုကဏ္ဍထက် အကြံပေးရေး ကဏ္ဍကို ပိုမိုဆောင်ရွက်သည်။ TMAC လုပ်ငန်းတွင် ပြည်သူများကိုယ်စား ပြုမှုသည် ပိုမိုလွယ်ကူလာစေကြောင်း၊ အကြောင်းမှာ ၎င်းတို့သည် စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူများအကြား ကြားဝင်ဆောင်ရွက်သူများအဖြစ် ဆောင်ရွက်သောကြောင့်ဖြစ် သည်ဟု စည်ပင်သာယာရေးအဖွဲ့ မှတ်ချက်ပြုသည်။


ပြည်နယ်။တိုင်းဒေသကြီးအဆင့်တွင် အထောက်အကူပြုကော်မတီ များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (VTAs) နှင့် ပြည်သူလူထု ကဲ့သို့သော ဒေသခံလုပ်ငန်း အကောင်အထည်ဖော်သူများအတွက် ပြည်သူပိုင်ကဏ္ဍ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအတွက် စီမံကိန်းရေးဆွဲ ရေးလုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်ချမှတ်ရေးတို့တွင် ဩဇာသက်ရောက် နိုင်သော အခွင့်အလမ်းများ ပေါ်ထွက်လာလျက်ရှိသည်။



## အစည်းအဝေးများတွင် ပြည်သူများ ပါဝင်တက်ရောက်မှု

ပဲခူးတွင် VTA နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ စီစဉ်သော ဖွံ့ဖြိုးရေးစီမံကိန်းသစ်များ သို့မဟုတ် ပြဿနာများဆိုင်ရာ အစည်းအဝေးသို့ ဖြေကြားသူများ၏ ၃၈% ပုံမှန်တက်ရောက်ကြသည်။ အမျိုးသမီး အနည်းငယ်သာ တက်ရောက်ကြ သည်။ အမျိုးသား အနည်းငယ်နှင့် အမျိုးသမီး အနည်းငယ်သာ ထိုသို့သောအစည်းအဝေးများတွင် တက်ရောက်ရန် ဖိတ်ကြားခံရသည်။

**ပြည်သူများအစည်းအဝေးတွင်**
**ပါဝင်တက်ရောက်မှုနှင့် ဖိတ်ကြားခံရမှု**





တွေ့ဆုံမေးမြန်းခဲ့သော
၉၄% က TDSC သို့မဟုတ်
TMAC အကြောင်းကို
မည်သည့်အခါမျှ မကြားဖူးခဲ့ကြပါ။

# အခြေခံဝန်ဆောင်မှုများရရှိမှု၊ အခြေခံကျန်းမာရေး၊ မူလတန်းပညာရေးနှင့် သောက်သုံးရေ


ဖြေဆိုသူပြည်သူများ၏ ၅၅% က ကျန်းမာရေးစောင့်ရှောက်မှု၊ ၅၂% ကပညာရေးအရည်အသွေး နှင့် ၂၉% က သောက်ရေရရှိမှု တို့တွင်တိုးတက်လာသည်ဟု အသီးသီးယူဆကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုးတက်သည်ဟုရှုမြင့်မှု





- တိုးတက်လာသည်
- အရင်အတိုင်း
- ပိုဆိုးလာသည်
- မသိပါ

မူလတန်းပညာရေးတွင် တိုးတက်သည်ဟုရှုမြင့်မှု




- တိုးတက်လာသည်
- အရင်အတိုင်း
- ပိုဆိုးလာသည်
- မသိပါ

သောက်ရေဖြန့်ဖြူးရေးတွင် တိုးတက်သည်ဟုရှုမြင့်မှု




- တိုးတက်လာသည်
- အရင်အတိုင်း
- ပိုဆိုးလာသည်

## ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်ပင်ဆွေးနွေးမှု

မြို့နယ် ၃ - ခုစလုံးတွင် TDSC နှင့် TMAC တို့သည် ကျန်းမာရေးနှင့်ပတ်သက်သော ပြဿနာများကိုဆွေးနွေးရန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ (TMO) နှင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်သည်။ သို့ရာတွင် TMOs များနှင့် ကျန်းမာရေးဆေးရုံ၊ ဆေးခန်းတာဝန်ခံများသည် အရင်းအမြစ်များနှင့် စီမံကိန်းအပေါ် အမှန်တကယ် ဩဇာ သက်ရောက်မှု မရှိဘဲ ထိုပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိကြပါ။

## ပညာရေးဆိုင်ရာ တိုးတက်မှုများ

တွေ့ဆုံမေးမြန်းခဲ့သော မြို့နယ်ပညာရေးမှူး (TEOs) ၃ - ဦး ကျောင်းအုပ်ကြီး ၆ - ဦးနှင့် ကျောင်းဆရာ ၁၄ - ဦးတို့က တိုးတက်သောအရည်အသွေးမီသင်ကြားရေးနှင့် တိုးတက်သောပညာရေးအခြေခံ အဆောက်အဦများကြောင့် လွန်ခဲ့သော ၃ - နှစ်နှင့်ပတ်သက်၍ အရည်အသွေးမီပညာရေးတွင် တိုးတက်မှုများရှိသည်ဟု သိမြင်ခဲ့ကြသည်။

TEOs များသည် သာမန်အသုံးစရိတ် (recurrent budget)ကို မူကြမ်းရေးဆွဲပြီး ခရိုင်ပညာရေးမှူး (DEO) သို့ တင်ပြကာ ပညာရေးအထောက်အကူများအတွက် တောင်းခံမှုများ တင်ပြသော်လည်း ယင်းတင်ပြမှုသည် ယင်း၏ စီမံကိန်းတွင် ပါဝင်ခြင်းမရှိပါ။


## သောက်သုံးရေ ဖြန့်ဖြူးရေးကို ပိုမိုအလေးထားခြင်း

မြို့နယ်အဆင့်အုပ်ချုပ်ရေးဌာနများသည် သန့်ရှင်းသောသောက်ရေရရှိရေး လိုအပ်ချက်ကိုပိုမိုတုံ့ပြန်မှုရှိလာကြသည်။ သန့်ရှင်းသောသောက်ရေရရှိမှု တိုးတက်ရေးအတွက် ယင်းနှင့်ပတ်သက်သော အရင်းအမြစ်များကို ပို၍ပို၍ ခွဲဝေ သတ်မှတ်ပေးမည်ဟု ဒေသန္တရကော်မတီများ (PRF ၊ CDF နှင့် DMA မှ ဝင်ငွေများ) က အလားတူပြောကြားကြသည်။

# သတင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ရှိမှု

ပဲခူးတွင် ဖြေကြားသူအားလုံး၏ ၇၄% အတွက် အစိုးရနှင့်ပတ်သက်သော သတင်းများ၏အခြေခံသတင်းအရင်းအမြစ် အဖြစ် ဆယ်အိမ်မှူးနှင့် ရာအိမ်မှူး များက ဆောင်ရွက်သည်။ VTA များနှင့် ေ ကျေးရွာရပ်မိရပ်ဘများသည်လည်း အရေးကြီးသော သတင်းအရင်းအမြစ်များ ဖြစ်ကြသည်။


### သတင်းများ၏ အဓိကအရင်းအမြစ်များ




လယ်သမားအများစုသည် မြေယာမှတ်ပုံတင်ရေး သတင်းနှင့် မှတ်ပုံတင်သည့်နည်းလမ်းများကို VTA/WA သို့မဟုတ် လယ်ယာစိုက်ပျိုးရေး ေ စတနာ့ဝန်ထမ်းလုပ်သားများထံမှ ရရှိကြသည်။ ဤအချက်သည် သာမန် နိုင်ငံသားများ၏ အကျိုးကျေးဇူးအတွက် သတင်းစီးဆင်းမှုသည် အသင့်အတင့်ကောင်းမွန်ကြောင်း ညွှန်ပြလျက်ရှိသည်။

ရပ်ကွက်။ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအားလုံးလိုလိုက မြို့နယ်အုပ်ချုပ်ရေးဌာနသည်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်သောပြည့်စုံသည့်သတင်းများကို ၎င်းတို့အား ဖြန့်ဝေပေး သည်ဟုယူဆသည်။ သို့ရာတွင် ပြည်သူအနည်းငယ်ကသာ ယင်းအချက်ကို လက်ခံသည်။


### သတင်းဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ရှုမြင်မှု ကွာဟချက် ပုံအညွှန်းများ






ဒေသန္တရအုပ်ချုပ်ရေးတွင် VTA သည် အချက်အချာကျသော အကောင်အထည်ဖော်သူ ဖြစ်သည်။ ကျေးလက်ဌာနေခံ များသည် ၉၂% က ၎င်းတို့ရွေးချယ်တင်မြှောက်သော VTA အမည်ကို သိရှိကြပြီး မြို့ပြဖြေကြားသူများ၏ ၆၆% က ၎တို့၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး (WA) အမည်ကို သိရှိကြသည်။ ဒေသအဆင့် ကိုယ်စားလှယ်အမည်ကို သိရှိမှု နည်းပါးသည်။

### ကိုယ်စားလှယ်အားသိရှိမှု




ပြည်သူအများစုသည် အိမ်တွင်းရေးပြဿနာများ သို့မဟုတ် မြေယာအငြင်းပွားမှုများကဲ့သို့သော အရပ်ဘက် အမှုအခင်းများကို ဖြေရှင်းရန် ဦးစွာချဉ်းကပ်ရသော ပုဂ္ဂိုလ်မှာ VTA/WA ဖြစ်သည်။

## ရပ်ရွာလူထုဆွေးနွေးပွဲ



ရပ်ရွာလူထုဆွေးနွေးပွဲများတွင် အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများ၊ ဒေသန္တရဝန်ဆောင်မှုပေးသူ များနှင့် ကျေးရွာအုပ်စုလူကြီးများ ကဲ့သို့သော ရပ်ရွာလူထုမှ မတူညီသောအုပ်စုများသည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှု ဖြန့်ဝေရေးတို့၏ အဓိကပြဿနာများနှင့် တိုးတက်မှုအလားအလာများကို ကျေးရွာအုပ်စု၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆွေးနွေးခဲ့ကြသည်။

ပဲခူးတွင် ဆွေးနွေးခဲ့သော ဖွံ့ဖြိုးရေး စီမံကိန်းနှင့် ပါဝင်ဆောင်ရွက်မှုနှင့်ဆက်စပ်သော အကြံဉာဏ်အချို့တွင် စီမံကိန်း သစ်များ ရေးဆွဲသည့်အခါတိုင်း ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲများ စီစဉ်ခြင်းနှင့်၊ အကောင်အထည်ဖော်ရေး နှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့တွင် နိုင်ငံသားများ ပိုမိုပါဝင်လာရေးတို့ ပါဝင်သည်။

## တိုင်းဒေသကြီးအဆင့် အကြံပြု ထောက်ခံတင်ပြချက်များ



ပဲခူးမြို့ရှိ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပဲခူးတိုင်းဒေသကြီး လေ့လာမှုမှ ကြားဖြတ်တွေ့ရှိချက်များကို တင်ပြခဲ့ပြီး အစိုးရနှင့် တိုင်းဒေသကြီး၊ မြို့နယ်နှင့် ကျေးရွာအုပ်စု၊ရပ်ကွက်အဆင့်မှ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက်အကြံပြု ထောက်ခံ တင်ပြချက်များပေးခဲ့ကြသည်။
အောက်ပါတို့ ပါဝင်သည် -

- မြို့နယ်အုပ်ချုပ်ရေးပိုင်းနှင့် ကော်မတီများထံမှ သတင်းအချက်အလက် စီးဆင်းမှုကို တိုးမြှင့်ရန် လုပ်ငန်းဆိုင်ရာ အထောက်အပံ့များကို ပေးအပ်သင့်သည်။
- မရှိမဖြစ်လိုအပ်သော ဆေးဝါးများအတွက် ငွေပေးချေရေးတွင် တိကျရှင်းလင်းမှုမရှိခြင်းကို ဖြေရှင်းရန်အတွက် ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် ဆေးအမျိုးမျိုးနှင့် ကုသမှုများ၏ ဈေးနှုန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို နံရံကပ် ပိုစတာများနှင့် ညွှန်ကြားချက်များကပ်ထားပြီး တိုင်ကြားရေး စနစ်တစ်ခု ချမှတ်ထားသင့်သည်။


## သုံးသပ်ချက်များ

၁ ပဲခူးတိုင်းဒေသကြီးတွင် TDSCs နှင့် TMACs တို့သည် ၎င်းတို့အား သမ္မတရုံး အမိန့်ကြော်ငြာစာနှင့်စည်ပင်သာယာရေးဥပဒေတို့ကရည်ရွယ်ထားသည့်အတိုင်း ဆောင်ရွက်ကြပုံရသည်။ သို့ရာတွင် အဖွဲ့ဝင်များ ဖွဲ့စည်းမှုတွင် လူ့အဖွဲ့အစည်း၏ မတူကွဲပြားမှုကိုထင်ဟပ်စေသင့်ပြီးကျေးလက်ဒေသများနှင့် အမျိုးသမီးထုတို့မှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်။

၂ ရေဖြန့်ဖြူးရေးတွင် အရင်းအမြစ်များ ပိုမိုမြှုပ်နှံထားသည့်တိုင် သောက်ရေဖြန့်ဖြူးမှုတွင် ဦးတည်ချက်ကို ပို၍ ရေးရှုသော၊ ပို၍ပွင့်လင်းမြင်သာသော နှင့် ပို၍ပါဝင်ဆောင်ရွက်မှုရှိသောချဉ်းကပ်မှု လိုအပ်သည်။

၃ တိုင်ကြားမှုများ ကိုင်တွယ်ဖြေရှင်းရေးနှင့် အငြင်းပွားမှုများ ဖျန်ဖြေရေးနှင့်ပတ်သက်သော စည်းမျဉ်းများတွင် ရှင်းလင်းတိကျမှုရှိပါကအာဏာရှင်ဆန်သောအုပ်ချုပ်မှု၊ ဖြစ်နိုင်ခြေရှိသော လွဲမှားသည့်စီမံခန့်ခွဲမှုတို့ကို ကန့်သတ်နိုင်မှု၊ ပို၍ပွင့်လင်းမြင်သာရှိလာမှုစသော အခြေအနေများကို ဖန်တီးနိုင်ရေး အထောက်အကူပြုမည်ဖြစ်သည်။

၄ CSOs နှင့် မြို့နယ်အုပ်ချုပ်ရေးအကြားတွင် ပူးပေါင်းဆောင်ရွက်ရန် နေရာပေးထားမှုသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း တွေ့ဆုံဆွေးနွေးမှု(dialogue)အတွက် အရေးပါသည်။



အသေးစိတ်သိရှိလိုပါက" ပဲခူးတိုင်းဒေသကြီး၊ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုအစီရင်ခံစာ"ကို www.mm.undp.org တွင်ကြည့်ပါ။

UNDP မြန်မာ
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ
E.mail: Communications.mm@undp.org
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ